# အခြားလုပ်ငန်းစဉ်များ (ဃ)

## ဝန်ထမ်းရေးရာ

**က။** ပြောင်းလဲလာသောအခြေအနေနှင့်လုပ်ငန်းဆောင်ရွက်မှုစနစ်အရမြန်မာနိုင်ငံကျမ်းစာအသင်း၏ လုပ်ငန်းများတို့ကို ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်၊ ဝန်ထမ်းများ၏မြင့်မားသောလုပ်ငန်း ဆောင်ရွက်မှု အရည်အသွေးသည် မရှိမဖြစ်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ဝန်ထမ်းများစွမ်းဆောင်မှု အရည်အသွေး တိုးတက်ရေးကိုအစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၀၈ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပသင်တန်းနှင့်အလုပ်ရုံ ဆွေးနွေးပွဲများသို့အောက်ပါအတိုင်းစေလွှတ်ခဲ့ပါသည်။

(၁) **Asia Institute of Christian Communication (AICC -13) Training** ကို ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့တွင်၂၀၀၈ခုနှစ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၁၂) ရက်နေ့ အတွင်းပြုလုပ်ရာ ပုံနှိပ်ထုတ်ဝေရေးဝန်ထမ်း ဒေါ်ခင်စောမူ တက်ရောက်ခဲ့ပါသည်။

(၂) **UBS Asia Pacific ATCON and Global Translation officer Training** ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင်၂၀၀၈ခုနှစ်၊ ဇွန်လ (၉-၂၀) အတွင်းကျင်းပရာဘာသာပြန်ဌာနအတွင်းရေးမှူး နှင့်ဘာသာ ပြန်ဆို ရေးအရာရှိတို့တက်ရောက်ကြပါသည်။

(၃) **Budget Planning Workshop** ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၂၀၀၈ခုနှစ်၊ မတ်လ (၁၁-၁၃) အတွင်းကျင်းပရာငွေစာရင်းကိုင် ဒေါ်လွင်လွင်အောင်၊ လက်ထောက် ငွေစာရင်း ကိုင် နော်မေရီယာဟဲသောထူးနှင့် ဘာသာပြန်အရာရှိသိက္ခာတော်ရဆရာခွေလမ်းထန်တို့ တက်ရောက်ခဲ့ကြသည်။

**ခ။** ဝန်ထမ်းများအားသစ်လောင်းအစီအစဉ်ကို နှစ်စဉ်ပုံမှန်ပြုလုပ်ခဲ့ရာ ဝန်ထမ်းများအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ ဝိညာဉ်သဘောပိုမိုရင့်ကျက်မှု၊ အပြန်အလှန်နားလည်ခွင့်လွှတ်မှုနှင့်တိုး၍ဆက်ကပ် အစေခံနိုင်သောအကျိုးရလဒ်များရရှိခဲ့ပြီး၊ အသင်းတော်၏လုပ်ငန်းများတို့ကိုအရှိန်အဟုန်မြင့်၍ဆောင် ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်ဇန်နဝါရီလတွင်ပုဂံမြို့၌အားသစ်လောင်းအစီအစဉ်ပြုလုပ်နိုင်ခဲ့ သည်။